**Job Access**
Driving disability employment

# အချက်အလက် သတင်းလွှာ
# JOBACCESS အဖွဲ့အစည်း

JobAccess ဆိုသည်မှာ မသန်စွမ်းသူများ၊ အလုပ်ရှင်များနှင့် ဝန်ဆောင်မှုပေးသူများအတွက် လုပ်ငန်းခွင်နှင့် အလုပ်ခန့်အပ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များရယူနိုင်မည့် နိုင်ငံလုံးဆိုင်ရာ ဗဟိုချက်ဖြစ်သည်။

မသန်စွမ်းသူများအား အလုပ်အကိုင်ရရှိရေးကိုတွန်းအားပေးနိုင်ရန်အတွက် လိုအပ်သောသတင်းအချက်အလက်များနှင့် ရင်းမြစ်များပံ့ပိုးပေးနိုင်ရန် ဩစတြေးလျအစိုးရမှ JobAccess အားတည်ထောင်ထားခဲ့ခြင်းဖြစ်သည်။

JobAccess သည် မသန်စွမ်းသူများအား အလုပ်အကိုင်များ ရှာဖွေပေးရန်နှင့် အလုပ်အကိုင်တည်မြဲစေရေးပိုမိုကောင်းမွန်သောအလုပ်အကိုင်ကောင်းများ ရရှိစေရေး၊ ငွေကြေးနှင့် အခြား အထောက်အပံ့များ ရရှိစေရန်၊ လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုများ ပိုမိုတိုးတက်လာစေရန်တို့ အပြင် အခြားအရာများစွာတို့ကို ကူညီဆောင်ရွက်ပေးနိုင်ပါသည်။

JobAccess သည် အလုပ်ရှင်များအား မတူကွဲပြားသော ဝန်ထမ်းအမျိုးမျိုးရှိသည့် လုပ်ငန်းခွင်ကို နှစ်သက်လာစေရန်၊မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်း၏ အကျိုးကျေးဇူးများကို နားလည်သဘောပေါက်လာစေရန်၊ မသန်စွမ်းသူများအတွက် အလုပ်အကိုင်များ ဖန်တီးပေးရန်၊ သင့်တော်မှန်ကန်သောလုပ်သားများ ရရှိစေပြီး ထိန်းသိမ်းထားနိုင်ရန်၊ ငွေကြေးနှင့် အခြားအထောက်အပံ့များရရှိစေရန်၊ မသန်စွမ်းသူများအား အလုပ်အကိုင်ခန့်အပ်မှုဆိုင်ရာ နည်းဗျူဟာများနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရန်တို့အပြင် အခြားအရာများစွာကို ကူညီပေးနိုင်ပါသည်။

JobAccess သည် အလုပ်အကိုင်ဆိုင်ရာဝန်ဆောင်မှုပေးသူများအား မသန်စွမ်းသူများ၏လိုအပ်ချက်များကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန် ၄င်းတို့၏ အခန်းကဏ္ဍကို ပိုမိုနားလည်စေပြီး ဝန်ဆောင်မှုများအား အကောင်အထည်ဖော်နိုင်ရန်နှင့် အခြားအရာများစွာအား လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကူညီပေးနိုင်ပါသည်။

JobAccess ဝက်ဘ်ဆိုက်တွင် အောက်ပါတို့ကဲ့သို့ သတင်းအချက်အလက်များစွာ ရရှိနိုင်ပါသည် - လုပ်ငန်းခွင်ပြင်ဆင်မွမ်းမံမှုများအတွက် ငွေကြေးအထောက်အပံ့နှင့် လုပ်အားခထောက်ပံ့ကြေးများ၊ အလုပ်လျှောက်ထားခြင်းဆိုင်ရာနှင့် မသန်စွမ်းသူတစ်ဦးအား အလုပ်ခန့်ရာတွင် လက်တွေ့ကျသော အကြံပြုချက်များ၊ ပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းပေးခြင်း အစီအစဉ်များနှင့် ချိတ်ဆက်ပေးရန်၊ မသန်စွမ်းမှုအား ထုတ်ဖော်ပြောကြားရန်၊ မသန်စွမ်းသူနှင့် အလုပ်ရှင်နှစ်ဦးစလုံး၏ ရပိုင်ခွင့်များနှင့် တာဝန်များ၊ အလုပ်ရှင်များအတွက် ပစ္စည်းကိရိယာများနှင့် ရင်းမြစ်များ၊ ပြောင်းလွယ်ပြင်လွယ်ရှိသော လုပ်ငန်းပတ်ဝန်းကျင်တစ်ခုပြုလုပ်ပုံ၊ အခြားသော အစိုးရအထောက်အပံ့များ၊ အစီအစဉ်များနှင့် ချိတ်ဆက်ပေးပါသည်။

အချက်အလက်များ ပိုမိုသိရှိလိုပါက JobAccess www.jobaccess.gov.au သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် JobAccess အကြံပေးပုဂ္ဂိုလ် ဖုန်း 1800 464 800 သို့ ခေါ်ဆိုဆွေးနွေးနိုင်ပါသည် - မိုဘိုင်းဖုန်းများမှ ခေါ်ဆိုမှုများအတွက် ဝန်ဆောင်ခကောက်ခံပါမည်။

Australian Government

JobAccess is the national hub for workplace and employment information for people with disability, employers and service providers.

**1800 464 800** **www.jobaccess.gov.au**